# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# (၁၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၁၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်။ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါ့မယ်။

ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်ရေးကိုယ်တာ။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ မိသားစုကိစ္စ။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ အရေးကြီးကိစ္စ။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ဆေးကုသမှုခံ။ ဦးမင်းဦး၊ ပဲခူး(၇)၊ ဆေးရုံတက်။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ကျန်းမာရေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်း(၆)၊ မိသားစုကိစ္စ။ ဦးတင်ရှန်၊ တနင်္သာရီ(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကိုယ်ရေးကိုယ်တာကိစ္စတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့် ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံတွင် BALLOONS OVER BAGAN ကဲ့သို့ မိုးပျံဘောလုံးများဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးသည့်လုပ်ငန်း ဆောင်ရွက်နေကြရာတွင် မိုးပျံဘောလုံး၏ (SAFETY) လုံခြုံစိတ်ချရမှု၊ မိုးပျံဘောလုံး မောင်းနှင်သူများ၏ အရည်အသွေး စစ်ဆေးခြင်းများ အတွက် မည်ကဲ့သို့ အစီအမံ များဖြင့် ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က မြန်မာနိုင်ငံတွင် BALLOONS OVER BAGAN ကဲ့သို့ မိုးပျံဘောလုံးများဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဆောင်ရွက်နေကြရာတွင် မိုးပျံဘောလုံး၏ (SAFETY) လုံခြုံစိတ်ချရမှု၊

မိုးပျံဘောလုံးမောင်းနှင်သူများ၏ အရည်အသွေးစစ်ဆေးခြင်းများအတွက် မည်ကဲ့သို့အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးညွန့်တင်၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မေးမြန်းသွားမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံမှာ BALLOONS OVER BAGAN ကဲ့သို့ မိုးပျံဘောလုံးများဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးသည့်လုပ်ငန်း ဆောင်ရွက်ကြရာတွင် မိုးပျံဘောလုံးများ၏ (SAFETY) လုံခြုံစိတ်ချရမှု၊ မိုးပျံဘောလုံးမောင်းနှင်သူများ၏ အရည်အသွေး စစ်ဆေးခြင်းများအတွက် မည်ကဲ့သို့ အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာအသုံးအနှုန်း အနည်းငယ်ပါရှိခြင်းကို ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အပြုသဘောဆောင် တိုးတက်မှုများ ပွင့်လင်းမှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက ကျွန်တော်တို့ ခရီးသွားဧည့်သည်တွေ Tourist တွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီးတော့ လာရောက်လျက်ရှိတာကို တွေ့မြင်ရပါတယ်။ အဲဒါကတော့ နိုင်ငံရဲ့တိုးတက်မှု၊ ပွင့်လင်းမှု နောက်တစ်ခါ ဟိုတယ်နဲ့ခရီးသွားဝန်ကြီးဌာနက ဝိုင်းဝန်း ဆောင်ရွက်မှု၊ ဦးစီးဆောင်ရွက်မှု၊ အဲဒီမှာရှိတဲ့ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများရဲ့ ကြိုးပမ်းမှုကြောင့်လည်း ကျွန်တော်တို့ ဒီလိုတိုးတက်လာခြင်း ဖြစ်ပါတယ်။ အခုလို အရှိန်အဟုန်နဲ့ တိုးတက် နေတဲ့အချိန်မှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အထူးသဖြင့် Aviation လေကြောင်းဘက်မှာ ကျွန်တော်တို့ လုံခြုံစိတ်ချရဖို့ အင်မတန်အရေးကြီးပါတယ်။ အများအားဖြင့် လေကြောင်းဆိုတော့ ပြောနေကြတဲ့ နေရာမှာ ဥက္ကဋ္ဌကြီးခင်ဗျား။ လေယာဉ်ပျံကိုပဲ ကျွန်တော်တို့ Aircraft လို့ခေါ်တဲ့ လေယာဉ်ပျံကိုပဲ အားလုံးက အာရုံစိုက်နေကြတယ်။ တကယ်တော့ နိုင်ငံတကာမှာ လေထဲမှာ ပျံနေတဲ့ မိုးပျံဘောလုံးတွေဟာ အများကြီး ရှိပါတယ်။ အဲဒီတော့ ဒီ မိုးပျံဘောလုံးတွေရဲ့ လုံခြုံစိတ်ချရမှု၊ မိုးပျံဘောလုံးမောင်းတဲ့ Pilot တွေရဲ့ အရည်အသွေးကလည်း အင်မတန် အရေးကြီးတာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုရင် လောလောဆယ် မိုးပျံဘောလုံးနဲ့ ကျွန်တော်တို့ ဝန်ဆောင်မှုပေးနေတဲ့ ကုမ္ပဏီ၊ လောလောဆယ်တော့ (၁)ခုပဲ ရှိပါသေးတယ်။ BALLOONS OVER BAGAN ဆိုတဲ့ ပုဂံမှာ ကျွန်တော်တို့ ဝန်ဆောင်မှုပေးနေတဲ့ မိုးပျံဘောလုံးကုမ္ပဏီ ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော် မိုးပျံဘောလုံးရဲ့ အခြေအနေလေးတွေ၊ ဘယ်လိုတက်တယ်၊ ဘယ်လိုဆင်းတယ်။ ဘယ်လို SAFETY က အရေးကြီးတယ်ဆိုတာလေးတွေလည်း ကျွန်တော်တို့ Video Clip ကလေးနဲ့ ကျွန်တော်နည်းနည်းလေး ကျွန်တော်ထိုးပြချင်ပါတယ်။ အားလုံးလည်း တွေ့သွားရအောင်၊ အဲဒီတော့ မိုးပျံဘောလုံးတစ်ခုကို ကျွန်တော်တို့ တက်ဖို့ဆိုရင် ဒီလိုခြင်းကြားကြီးမှာ အပေါ်က Cylinder တွေနဲ့ စက်တွေနဲ့ ကျွန်တော်တို့ အဲဒါကို ပူးပေါင်းတပ်ဆင်ပြီးတော့ ဒီ Gas အိုးပေါ့လေ၊ Gas အိုးတွေပါ တင်ပြီးတော့ ကျွန်တော်တို့ မီးနဲ့ ဒီ Gas နဲ့ မိုးပျံဘောလုံးကြီးကို လေထဲရောက်အောင်

လုပ်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ မီးတွေ၊ Gas တွေနဲ့ လုပ်တဲ့အတွက်ကြောင့် အင်မတန်မှ တကယ်တော့ အန္တရာယ်ကြီးပါတယ်။ ဒီလိုအန္တရာယ်ကြီးတဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့ ဒီ SAFETY အတွက်ကို ကျွန်တော့်အနေနဲ့ သတိထားဖို့အတွက် ကျွန်တော်တင်ပြရခြင်းဖြစ်ပါတယ်။

ဒါဆိုရင် ပုဂံမှာ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ BALLOONS OVER BAGAN ကနေပြီး တော့ မိုးပျံဘောလုံးတစ်ခု လေထဲတက်ဖို့အတွက်ကို အဲဒါ Pilot ဖြစ်ပါတယ်။ ဟိုပုဂ္ဂိုလ်က၊ ကျန်တာ ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံသား Crew တွေပေါ့၊ Ground Crew လို့ ခေါ်တာပေါ့၊ မြေပြင် ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ အဲဒီတော့ ဘောလုံးကြီးတွေကို ကျွန်တော်တို့ ခုနလို Gas နဲ့ ကျွန်တော်တို့ အပေါ်ကိုတက်အောင်လို့ Gas တွေ ဖြည့်ပေးရပါတယ်။ ဒါကတော့ အဲဒီ အချိန်မှာလည်း အန္တရာယ်ကြီးပါတယ်။ တကယ်တော့ ဒါမကျွမ်းကျင်လို့ရှိရင် အဲဒီမှာတင်ကို မီးလောင် သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ Pilot က ကျွန်တော်တို့ လေယာဉ်ပျံမောင်းတဲ့ Pilot လိုပဲ သူလည်း အင်မတန်အရေးကြီးတဲ့ Pilot ဖြစ်ပါတယ်။ ဒါကတော့ သူတို့ မတက်ခင်မှာ လေယာဉ်လိုပဲ ကျွန်တော်တို့ SAFETY နဲ့ ပတ်သက်တဲ့ Briefing တွေ လုပ်နေတာပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီရဲ့ဝန်ဆောင်မှုဟာဆိုရင် အင်မတန်မှ ဒီခရီးသွားလုပ်ငန်းအတွက် အင်မတန် ကျွန်တော်တို့ ဆွဲဆောင်မှု ကောင်းတဲ့ ဒီလုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ဒီ တစ်နှစ် တစ်နှစ် သူတို့ ပုဂံမှာ ပျံနေတဲ့ ဘောလုံး (၆)လုံးနဲ့ (၈)လုံးကြားမှာ ပျံနေတာ၊ သူ့ရာသီပေါ့လေ၊ အခုလို အောက်တိုဘာ၊ နိုဝင်ဘာ အဲဒီလောက်ကစပြီးတော့ မတ် လောက်ထိပျံတာ၊ Booking တွေဟာ ပြည့်နေတယ်။ ဒါကြောင့်မို့လို့ အရင်တုန်းကတော့၊ ဟို ဒီ B.O.B တစ်ခုပဲရှိတယ်။ အခုတော့ ကျွန်တော် နောက်ထပ် တင်လာတဲ့ ကုမ္ပဏီ(၄)ခုရှိတယ်။ ဒါတွေဟာ စီးဖူးတဲ့ သူတွေပြောတာတော့ It's Breath taking ပေါ့လေ၊ အင်မတန်မှ ပုဂံဒေသဟာ အင်မတန်မှ လှပပြီးတော့ တစ်ခါလာကြည့်ပြီးလို့ရှိရင် ကျွန်တော်တို့ အံ့သြဖွယ်မဆုံးဖြစ်တဲ့ ဒေသဖြစ်တဲ့အတွက်ကြောင့် ဒါအင်မတန် Tourist Attraction အတွက် သိပ်ကောင်းတယ်။ ဟိုဥစ္စာတစ်ခု ဖြစ်ပါတယ်။ အဲဒီမှာ သူရဲ့ စရိတ်စကလည်း မနည်းဘူး။ ဟို Ticket တစ်ခုကို ဒေါ်လာ(၂၀၀)ကျော်ကျတယ်။ (၂၅၀)လောက် အထိကျတယ်။ ဒါပေမဲ့ အဲဒါကို ပြည့်နေပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းကောင်းတဲ့အတွက် နောက်ထပ်ကုမ္ပဏီ(၄)ခု ထပ်ပြီးတော့ ဝင်လာတာဖြစ်တယ်။

အဲဒီလို ကုမ္ပဏီတွေ များလာတာနဲ့ အမျှ ကျွန်တော်တို့ အပြိုင်အဆိုင်တွေ ဖြစ်လာမယ်။ အပြိုင်အဆိုင်တွေ ဖြစ်လာရင် ဥက္ကဋ္ဌကြီးခင်ဗျား။ Commercial Pressure ပေါ့လေ၊ တစ်ယောက် နဲ့ တစ်ယောက်အပြိုင်အဆိုင်၊ ဒါဆိုရင်တော့ ပြန်ဆင်းတာပေါ့၊ ဆင်းတဲ့အခါလည်း Ground Crew တွေကနေပြီးတော့ အဲဒီဆင်းတဲ့ နေရာမှာလည်း အရေးကြီးပါတယ်။ ဟို အီဂျစ်မှာ ကျွန်တော်တို့ ပျက်ကျသွားတာဆို အဆင်းမှာ ပျက်ကျသွားတာ၊ အဲဒီ ဆင်းတဲ့အချိန်မှာ အဲဒီကြိုးကို အခုဆွဲတဲ့ ကြိုးကနေပြီးတော့ Cylinder တစ်ခုမှာ သွားငြိ၊ ငြိပြီးတော့ တစ်အားဆွဲလိုက်တဲ့အခါ Cylinder ကြီးက ပြုတ်ပြီးတော့ မီးလောင်၊ မီးလောင်ပြီးတော့ တစ်ခါတည်း ဘောလုံးပျံကြီးက အောက်ကနေ အပေါ်ကို ဆောင့်တက်သွားတယ် ပြန်ပြီးတော့ အဲဒီမှာ Pilot ကလည်း အီဂျစ်မှာ ဖြစ်တာပါ။ Pilot ကလည်း သူမီးလောင်တော့ သူခုန်ချလိုက်တယ်။ ခုန်ချလိုက်တော့ Pilot မပါဘဲ အဲဒါကြီးက တက်သွားတယ်ပေါ့၊ တက်သွားပြီးတော့ ပြန်ပျက်ကျတဲ့ အခါမှာ နိုင်ငံခြားခရီးသည် (၁၉)ယောက်

သေဆုံးသွားပါတယ်။ အဲဒီလိုသေဆုံးပြီးတဲ့ နောက်ပိုင်းမှာ အီဂျစ်ရဲ့ ခရီးသွားလုပ်ငန်းက တော်တော့ကို ကျဆင်းသွားတယ်။ ဒါလည်း လေယာဉ်ပျံပျက်သလိုပဲ၊ ကျွန်တော်တို့ သူတို့ရဲ့ Aviation ဒါဟိုဥစ္စာပေါ့။ Accident ဆိုပြီးတော့ အခုဒါဆိုရင် နောက်ဆုံး ဟို ကျွန်တော်တို့ ပြန်သိမ်းလိုက်တဲ့ အပိုင်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒါလေးပြတာကတော့ အားလုံး ဘောလုံးပျံတစ်ခုကို ဆောင်ရွက်တဲ့အခါမှာ အင်မတန်မှအန္တရာယ်တွေ ကြားကနေပြီးမှလုပ်ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ SAFETY ကို အဓိက ကျွန်တော်က တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနတွေကလည်း ဆောင်ရွက်နေပါတယ်။ ကျွန်တော်သိပါတယ်။ သို့သော်လည်း ဒါထပ်ပြီးတော့ ဟုတ်လား၊ ကျွန်တော်တို့ သတိပေးတဲ့အနေနဲ့ အထူးသဖြင့် အခုနောက်ထပ် မိုးပျံဘောလုံးတွေ တိုးလာမယ်။ ကုမ္ပဏီနောက်ထပ်(၄)ခု၊ (၄)ခုဆိုတော့ ကျွန်တော်တို့က ပုဂံမှာချည်းပဲ ပေးလို့မရဘူး။ အင်းလေးမှာ (၁)ခု၊ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မန္တလေး(၁)ခု၊ အဲဒီလို မျှပေးမယ်လို့ ကျွန်တော်ကြားပါတယ်။ ဒါကတော့ Tourism ဝန်ကြီးဌာနက ဒုတိယဝန်ကြီးကလည်း ရှင်းပြပါလိမ့်မယ်။ အဲဒီတော့ အဲဒီလိုဖြန့်ပေးရင်လည်း ကောင်းပါတယ်။ သို့သော်လည်း ကျွန်တော့်အနေနဲ့ သတိပေးချင်တာ တစ်ခုကတော့ ဟို Monopoly မဖြစ်အောင်၊ ဥပမာအားဖြင့် B.O.B တစ်ခုတည်း ပုဂံပေးထားရင် B.O.B က သူက Monopoly ဖြစ်နေမယ်။ ကျန်တဲ့ကုမ္ပဏီ(၃)(၄)ခုက အင်းလေးတို့၊ မန္တလေးတို့ဆိုတော့ ပုဂံလောက် Attraction မရှိဘူး။ ဒါကြောင့်မို့လို့ Monopoly မဖြစ်အောင်လို့ ကုမ္ပဏီနဲ့ မသတ်မှတ်ဘဲနဲ့ ကျွန်တော်တို့ ဘောလုံးအရေအတွက်ပေါ့၊ ပုဂံမှာ ဘောလုံး (၂၀)ပဲ ပေးမယ်ဆိုရင် B.O.B ကို (၁၀) လုံးပေး၊ ကျန်တဲ့ ကုမ္ပဏီ(၄)ခုကို (၂)လုံးစီပေး စသည်ဖြင့် အဲဒီလို လုပ်ရင်တော့ Market Share ကို မျှမျှတတဖြစ်သွားမယ်။ နို့မို့ဆိုရင် BALLOONS OVER BAGAN တစ်ခုပဲ ပုဂံမှာ Monopoly ရသလိုဖြစ်ပါမယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီ SAFETY၊ ဒီဘောလုံးတွေရဲ့ ဟုတ်လား၊ ဘယ်နိုင်ငံကလုပ်သလဲ၊ Manufacture ဘယ်လောက်ကောင်းသလဲ၊ ဒါတွေကိုလည်း သက်ဆိုင်ရာဌာနက ကြည့်ဖို့လိုပါတယ်။ ဒါကတော့ ခရီးသွားဝန်ကြီးဌာနတစ်ခုတည်းတင် မဟုတ်ပါဘူး။ ပို့ဆောင်ရေးက D.C.A ပေါ့၊ လေကြောင်းဦးစီးဌာနကလည်း တာဝန်ယူရပါမယ်။

ဘာကြောင့်လဲဆိုရင် အဲဒီမှာ Pilot တွေပါလာတယ်။ Pilot တွေကို သူက Category စစ်ရမယ်။ စစ်တဲ့အခါမှာ ဘယ်ကစစ်မှာလဲဆိုတော့ လေကြောင်းဦးစီးက စစ်ရမယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ လေကြောင်းဦးစီးဌာနကလည်း ဟုတ်လား၊ ဘယ်လိုစစ်ဆေး နေတယ်ဆိုတာ ကျွန်တော်တို့ လုပ်သားပြည်သူတွေက သိထားဖို့လိုပါတယ်။ ဒါမှ ဘောလုံးပျံတွေရဲ့ ဟိုဥစ္စာပေါ့၊ ကျွန်တော်တို့ရဲ့ SAFETY ဟာ ပီပီပြင်ပြင် ရှိပါမယ်။ နောက်ပြီးတော့ လေကြောင်း ဦးစီးဌာနက နေပြီးတော့ ဟုတ်လား၊ တစ်နှစ်မှာ ဘယ်နှစ်လ၊ ဟို မိုးပျံဘောလုံးတွေက တစ်နှစ်လုံး ပျံလို့မရဘူး။ သူက မိုးတွင်းမှာ ပျံလို့မရဘူး။ အဲဒါကြောင့်မို့လို့ သူက ဒီ အောက်တိုဘာလ လောက်ကနေပြီး မတ်လလောက်ထိပဲ ပျံလို့ရတယ်။ အဲဒါကိုလည်း D.C.A က သတ်မှတ်ပေးရပါမယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ လေတိုက်နှုန်းမြင့်ရင်လည်း သူကတက်လို့မရဘူး။ Accident ဖြစ်နိုင်တယ်။ အဲဒါတွေကို D.C.A က မသတ်မှတ်ဘဲထားရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ ဘောလုံးပျံ

ကုမ္ပဏီ အချင်းချင်းက ပြိုင်ဆိုင်ပြီးတော့ Commercial Pressure ကြောင့် ကျွန်တော်တို့ အတင်း တက်ကြမယ်။ အတင်းတက်ရင် Accident ဖြစ်မယ်။ Accident ဖြစ်ရင် ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲ့ Tourism က ကျသွားမှာပဲ၊ ဘယ်လောက်ပဲ ကျွန်တော်တို့ ဟုတ်လား၊ ဟိုတယ်/ခရီးက ကြိုးစား၊ ကြိုးစား၊ နိုင်ငံရဲ့ Image က ဘယ်လောက်ကောင်းကောင်း၊ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီ အချက်တွေကို သိရှိလိုတဲ့အတွက်ကြောင့် ဒီမိုးပျံဘောလုံးနဲ့ ခရီးသွားများ ဝန်ဆောင်မှုပေးတဲ့ နေရာ မှာ မိုးပျံ ဘောလုံးများ၏ SAFETY၊ မိုးပျံဘောလုံးမောင်းနှင်သူများ၏ အရည်အသွေးစစ်ဆေးခြင်းကို မည်ကဲ့သို့ အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာစိုင်းကျော်အုန်း(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**
။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးနဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ အားလုံး ကျန်းမာချမ်းသာပြီး၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ကျွန်တော်ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း မှ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အဘဦးညွန့်တင် မေးမြန်းထားတဲ့ မြန်မာနိုင်ငံတွင် BALLOONS OVER BAGAN ကဲ့သို့ မိုးပျံဘောလုံးများဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးသည့်လုပ်ငန်း ဆောင်ရွက်နေကြ ရာတွင် မိုးပျံဘောလုံးများ၏ (SAFETY) လုံခြုံစိတ်ချရမှု၊ မိုးပျံဘောလုံး မောင်းနှင်သူများ၏ အရည် အသွေး စစ်ဆေးခြင်းများအတွက် မည်ကဲ့သို့ အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို သိရှိလို ကြောင်းဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းဟာ နိုင်ငံသူ/နိုင်ငံသားများအတွက် ဗဟုသုတရစေမည့်အပြင် နိုင်ငံတော်အတွက်လည်း ပုံရိပ်ကောင်းများရရှိစေမှာဖြစ်တဲ့ မေးခွန်းဖြစ်တဲ့ အတွက်ကြောင့် မေးခွန်းရှင် ကိုယ်စားလှယ်တော်ကြီး အဘဦးညွန့်တင် အား အထူးကျေးဇူးတင် ရှိကြောင်း ပြောကြားလိုပါတယ်။ မိုးပျံဘောလုံးလုပ်ငန်းဟာ လေကြောင်းသွားယာဉ်အုပ်စုမှာပါတဲ့ အတွက်ကြောင့် ဘောလုံးတစ်ခုချင်းကိုမှတ်ပုံတင်ခြင်း၊ ဘောလုံးတစ်ခုချင်းအတွက် လေကြောင်း လုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ်ထုတ်ပေးခြင်း၊ အဆိုပါလေကြောင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ရ ဘောလုံးများကို စုစည်းပြီးမှ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း စတဲ့လုပ်ငန်းစဉ် အဆင့်ဆင့်ကို

ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စီစဥ်ဆောင်ရွက်ပေး ရတာဖြစ်ပါတယ်။

သို့ဖြစ်ရာ သက်ဆိုင်ရာအနေဖြင့် မိုးပျံဘောလုံးများရဲ့ (SAFETY)လုံခြုံစိတ်ချမှုအပိုင်း ရှိစေရေးနှင့် ပတ်သက်၍ မှတ်ပုံတင်စဥ်အချိန်၌ပင် တင်သွင်းမယ့် မီးပုံးပျံသည် အမျိုးအစား အလိုက် သက်ဆိုင်သော အထောက်အထား စာရွက်စာတမ်း ပြည့်စုံမှု ရှိ/မရှိ၊ ဥရောပသမဂ္ဂ လေကြောင်း အာဏာပိုင်အဖွဲ့နဲ့ အမေရိကန်လေကြောင်း အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ထားသော အသိအမှတ်ပြု လက်မှတ်တစ်ခုခု ရရှိထားခြင်း ရှိ/မရှိ၊ ခရီးသည်များ ဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် လိုအပ်သောအစီအမံများ ဆောင်ရွက်ထားခြင်း ရှိ/မရှိနဲ့ မီးပုံးပျံစစ်ဆေးထိန်းသိမ်းမည့်သူ Inspectors များသည်လည်း ရှိသင့်တဲ့ လုပ်ငန်းအတွေ့အကြုံများနဲ့ လုပ်ငန်းလိုင်စင် ရှိ/မရှိ စတဲ့ အချက်များကို တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ရပါတယ်။

၎င်းအပြင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနဟာ အဆိုပါမီးပုံးပျံ ပျံသန်း အသုံးပြုရန် လိုအပ်တဲ့ လက်စွဲ Flight Manual များကို ၎င်းမီးပုံးပျံ ထုတ်လုပ်ရာမှာ တိုင်းပြည်မှ ထောက်ခံပေးမှုအပေါ် စိစစ်ပြီးမှသာ ခွင့်ပြုချက်ထုတ်ပြန်ပေးခြင်းနဲ့ မီးပုံးပျံထုတ်လုပ်ရာ အလုပ် ရုံမှသတ်မှတ်ထားသော အဆိုပါမီးပုံးပျံနဲ့ပတ်သက်တဲ့ ပြုပြင်ထိန်းသိမ်းရေးလက်စွဲ (Maintenance Manual) များကိုလည်း စနစ်တကျ စိစစ်ပြီးမှသာ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ခွင့်ပြု ပေးခြင်းကို စီစဥ်ဆောင်ရွက်ပေးရပါတယ်။

ထို့အပြင် Hot Air Balloons များသည် မြန်မာနိုင်ငံလေယာဥ်အက်ဥပဒေအရ Aircraft အဖြစ် သတ်မှတ်ထားတဲ့အတွက် လေယာဥ်များနည်းတူ မောင်းနှင်ပျံသန်းမှုအပိုင်း၌ လုံခြုံမှုရရှိနိုင် စေရန် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လေယာဥ်များစက်မှုပိုင်း (Airworthiness)များနှင့်ပတ်သက်၍ လည်းကောင်း၊ မောင်းနှင်ပျံသန်းမယ့်မီးပုံးပျံသည် မြန်မာနိုင်ငံ မှ လက်ခံသော ဥရောပသမဂ္ဂလေကြောင်း အာဏာပိုင်အဖွဲ့ (European Aviation Safety Agency)မှ ထောက်ခံတဲ့ အမျိုးအစား ဖြစ်ကြောင်း အသိအမှတ်ပြု လက်မှတ်ရရှိ ထားခြင်း ရှိ/မရှိ၊ အင်္ဂလန်နိုင်ငံ လေကြောင်းဦးစီးဌာနမှ ထောက်ခံပေးတဲ့ လက်မှတ်အပေါ် အခြေခံထားပြီးတော့ တိုက်ဆိုင်စိစစ်ပြီးမှသာ ဝေဟင်မှာ စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ် (Certificate of Airworthiness) ကို ထုတ်ပေးပါတယ်။

၎င်းအပြင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံမှာ Hot Air Balloon ပျံသန်းမောင်းနှင်နိုင်ရန် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ဝင် (Civil Aviation Authority) တစ်ခုခုမှ ထုတ်ပေးထားတဲ့ လိုင်စင်အပေါ် အခြေခံ၍ ယာယီပျံသန်းခွင့် လက်မှတ် (Validation Certificate)ကို ထုတ်ပေးလျက်ရှိပြီး ထုတ်ပေးခြင်းမပြုမီ စိစစ်မှုအပိုင်း အနေဖြင့် လည်း မူလလိုင်စင်ထုတ်ပေးသည့် သက်ဆိုင်ရာ Civil Aviation Authority နဲ့ တိုက်ဆိုင် ဆက်သွယ်ပြီး လျှောက်ထားလာတဲ့ လေယာဥ်မှူးရဲ့ လိုင်စင်သက်တမ်း၊ ဆေးသက်တမ်း၊ ဘာသာ စကားကျွမ်းကျင်မှု အစရှိတဲ့လိုအပ်သော အချက်အလက်များကို မေးမြန်းပြီး ပြည့်စုံမှန်ကန်မှု၊ သက်တမ်းရှိမှု အပေါ်အခြေခံ၍ စိစစ်ပြီးမှသာ အဆိုပါယာယီပျံသန်းခွင့်လက်မှတ် (Validation Certificate)ကို ထုတ်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာနအနေနဲ့ မိုးပျံဘောလုံးဖြင့် ကမ္ဘာလှည့်ခရီးသည်များကို ပို့ဆောင်ပြသခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လို၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြမှုအပေါ် ကော်မရှင်မှ သဘောထားမှတ်ချက် တောင်းခံလာသည့်အခါ တစ်နေရာတည်း၌ စုစည်းပျံသန်းမှုရှိပါက စည်းမျဉ်း စည်းကမ်းများနှင့်အညီ စည်းကမ်းတကျ ဂရုပြုဆောင်ရွက်နိုင်ရေးအတွက် ပျံသန်းဆဲ၊ ပျံသန်းရန် အဆိုပြုသောဒေသနဲ့ မိုးပျံဘောလုံးအရေအတွက်များကို ဖော်ပြ၍လည်းကောင်း၊ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အန္တရာယ်ကင်းစွာ ပျံသန်းနိုင်မှုရှိကြောင်း စိစစ် ခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်းနဲ့ ဓာတ်ငွေ့သိုလှောင်ထိန်းသိမ်းမှုအပါအဝင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ကြိုတင်ခွင့်ပြုချက်များလိုအပ်ခြင်း စတဲ့အချက်များကို အလေးထားဖော်ပြ ပြန်ကြားလျက်ရှိပါတယ်။ လုပ်ငန်းလိုအပ်ချက်အရ မိုးပျံဘောလုံးများကို ပြည်ပမှ ထပ်မံဝယ်ယူ အစားထိုးလိုပါကလည်း လုပ်ငန်းလိုအပ်ချက်၊ ကုမ္ပဏီရဲ့လုပ်ငန်း စွမ်းဆောင်ရည်နဲ့ မိုးပျံဘောလုံး ဝယ်ယူမည့် ကုမ္ပဏီသည် နိုင်ငံတကာအသိအမှတ်ပြု ဘောလုံး ထုတ်လုပ်တဲ့ ကုမ္ပဏီများဖြစ်ခြင်းတို့ကို ကြိုတင်စိစစ်၍ ကော်မရှင်သို့ ပြန်ကြားပေးလျက် ရှိပါတယ်။

၎င်းအပြင် ကော်မရှင်မှ ခွင့်ပြုမိန့်ရပြီး ဌာနမှ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ဆက်လက် ထုတ်ပေးရာတွင်လည်း ကော်မရှင်ရဲ့ ခွင့်ပြုချက်၊ ခွင့်ပြုမိန့်၊ လေကြောင်းညွှန်ကြားမှု ဦးစီးဌာနရဲ့ Air Operator's Certificate အထောက်အထားများ၊ လုပ်ငန်းဆောင်ရွက်မယ့် ကုမ္ပဏီများရဲ့ တရားဝင်ဖွဲ့စည်းထားရှိမှု၊ ကုမ္ပဏီ၏တာဝန်ရှိ ဒါရိုက်တာများစာရင်း၊ လုပ်ငန်းဆောင်ရွက်မယ့် အစီအစဉ်နဲ့ ဈေးနှုန်းများကို စိစစ်ပြီးမှသာ လုပ်ငန်းလိုင်စင်များကို ခွင့်ပြုပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ပုဂံမှာ ရွှေလေတံခွန် ခရီးသွား လုပ်ငန်းကုမ္ပဏီမှ မိုးပျံဘောလုံးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး ထပ်မံပြီးတော့ ကုမ္ပဏီ(၃)ခုမှ မန္တလေး၊ အင်းလေးနဲ့ ပုဂံဒေသတွေမှာ အဆိုပါ မိုးပျံဘောလုံးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ကို တင်ပြလျက်ထားရှိကြောင်း သိရှိရပါတယ်။ စုစုပေါင်း ကုမ္ပဏီ (၄)ခု ရှိသွားမှာဖြစ်ပါတယ်။ ရွှေလေတံခွန်ကုမ္ပဏီအနေဖြင့် မိုးပျံဘောလုံးလုပ်ငန်းကို ၁၉၉၉ ခုနှစ်မှ စတင်ပြီးတော့ ပုဂံမှာ Balloons Over Bagan အမည်ဖြင့် ဆောင်ရွက်ခဲ့ရာ (၁၄)နှစ် ကာလ အတွင်းမှာ ခရီးသည် စုစုပေါင်း(၅၀၉၄၇)ဦးနဲ့ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ (၁၂)သန်းခန့် ရရှိခဲ့ပြီးဖြစ်ပါတယ်။ တစ်နှစ်လျှင် ပျမ်းမျှခရီးသည် (၃၆၀၀)ခန့် စီးနင်းကြကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရှင်းလင်းဖြေကြားခဲ့သည့်အတိုင်း မိုးပျံဘောလုံးလုပ်ငန်းဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးသည့် လုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနမှ လုပ်ငန်းတွင် အသုံးပြုမည့် ပစ္စည်းများ၊ ကိုင်တွယ်အသုံးပြုမည့်သူများနှင့် ပြုပြင်ထိန်းသိမ်းမယ့်သူများကို စနစ်တကျ စစ်ဆေး ဆောင်ရွက်ပြီးမှသာ လုပ်ငန်းလုပ်ကိုင်ခွင့် ပေးအပ်ခြင်းဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အဘ ဦးညွှန့်တင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရွှေ့ပြောင်းလုပ်သားများနှင့် စပ်လျဉ်း၍ ဗီဇာကိစ္စ၊ အနည်းဆုံးလုပ်အားခ ရရှိရေးတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ရွှေ့ပြောင်းလုပ်သားများနှင့် စပ်လျဉ်း၍ ဗီဇာကိစ္စ၊ အနည်းဆုံးလုပ်အားခ ရရှိရေးတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ ရွှေ့ပြောင်း အလုပ်သမားများနှင့် စပ်လျဉ်း၍ ဗီဇာကိစ္စ၊ အနည်းဆုံးလုပ်အားခရရှိရေး စသည်တို့ကို ဆောင်ရွက်ပေးရန် အစီအစဉ်များနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၁၉၈၀ ခုနှစ်လောက်ကစပြီးတော့ ကျွန်တော်တို့နိုင်ငံနဲ့ အနီးဆုံးဖြစ်တဲ့ ထိုင်းနိုင်ငံကို ရွှေ့ပြောင်းလုပ်သားများ သွားရောက်ပြီးတော့ အလုပ်လုပ်ကိုင်ကြပါတယ်။ အဲဒီ ထိုင်းနိုင်ငံမှာရှိနေတဲ့ ရွှေ့ပြောင်းလုပ်သားပေါင်းဟာ ကျွန်တော်လေ့လာတွေ့ရှိရသလောက် (၃)သန်းလောက်ရှိတယ်လို့ လေ့လာတွေ့ရှိ ရပြီးတော့ အဲဒီထဲက (၈၀)ရာခိုင်နှုန်း၊ တစ်နည်းအားဖြင့်ဆိုလို့ရှိရင်တော့ (၂.၄)သန်းခန့်ဟာ ဒါ မြန်မာနိုင်ငံက ရွှေ့ပြောင်းအလုပ်သမားများဖြစ်ကြပြီး ကျန်တဲ့ဟာတွေကတော့ လာအိုတို့၊ ကမ္ဘောဒီးယားတို့၊ ဗီယက်နမ်တို့ စသည်အားဖြင့် ဒီနိုင်ငံတွေက ဖြစ်ကြပါတယ်။

ကျွန်တော်တို့နိုင်ငံက နိုင်ငံတော်အစိုးရကလည်းပဲ အဲဒီသက်ဆိုင်ရာနိုင်ငံနဲ့ ၂၀၀၂ ခုနှစ်၊ ၂၀၀၃ ခုနှစ်လောက်မှာ MoU တွေ ထိုးရှိထားတာလည်းပဲ လေ့လာတွေ့ရှိရပါတယ်။ နောက် ကျွန်တော်တို့ ၂၀၀၉ ခုနှစ်လောက်မှာ ဒီ ရွှေ့ပြောင်းအလုပ်သမားများ ကျွန်တော်တို့ ဗီဇာနဲ့ ယာယီနိုင်ငံကူးလက်မှတ်တွေ ရရှိရေးအတွက်ကိုလည်းပဲ ဆောင်ရွက်ပေးထားတယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ ကျွန်တော် ဒီလိုဆောင်ရွက်တဲ့အခါမှာ သာမန်အားဖြင့် ယာယီနိုင်ငံကူးလက်မှတ်နဲ့ ဗီဇာအတွက် ကုန်ကျငွေဟာ ဘတ်(၁၀၀၀)ကျော် ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီလို နိုင်ငံကူးလက်မှတ်နဲ့ ဗီဇာတွေထုတ်ပေးတဲ့အခါမှာ ကြားခံမီဒီယာတွေနဲ့ သူတို့လုပ်ရပါတယ်။ ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောလို့ရှိရင်တော့ ပွဲစားပေါ့၊ ပွဲစားနဲ့ တချို့ကုမ္ပဏီတွေနဲ့ သူတို့ဆောင်ရွက်ကြ ရပါတယ်။ အဲဒီလို ဆောင်ရွက်ရတဲ့အတွက်ကြောင့် အလုပ်သမားတစ်ဦးဟာ ဘတ်(၆၀၀၀)က နေပြီးတော့ သူ့နေရာနဲ့လိုက်ပြီး (၁၀၀၀၀)ကျော်လောက် သူတို့ အကုန်အကျခံရကြပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့ ပြန်တွက်ကြည့်လို့ရှိရင် ဒီ ကျွန်တော်တို့နိုင်ငံက ရောက်ရှိနေတဲ့ အလုပ်သမားတွေက သူတို့ရရှိတဲ့ ငွေထဲကနေပြီးတော့ ကျွန်တော်တို့ ခုနတုန်းက

ကြားခံမီဒီယာကို ပေးလိုက်ရတဲ့ အပိုဆောင်းငွေဟာ ဘတ်၊ တစ်နည်းအားဖြင့် ဒေါ်လာအားဖြင့် ဆိုရင် သန်း(၁၇၀)ကျော်လောက် ရှိပါတယ်။ ဒီစာရင်းတွေအရ ကျွန်တော် အပြန်အလှန် ပြီးတော့ ကျွန်တော် လေ့လာတွေ့ရှိရလို့ တင်ပြခြင်းဖြစ်ပါတယ်။ သူတို့လည်းပဲ အများကြီး နစ်နာပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကနေပြီးတော့ သူတို့ ကိုယ့်နိုင်ငံသားတွေ အဲဒီမှာရောက်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် ဆောင်ရွက်ပေးသော်လည်းပဲ သူတို့မှာ ဒီလိုကြားခံ ပွဲစားများနဲ့ ကုမ္ပဏီများနဲ့ ကြားထဲမှာ ဆောင်ရွက်ရတဲ့အတွက်ကြောင့် စိတ်ချမ်းသာမှု၊ နောက် သူတို့ရဲ့ ငွေကုန်ကျခြင်းများမှ စသည်အားဖြင့် ဒါတွေကို ခံစားကြရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခုန တုန်းက ဗီဇာနဲ့ သက်တမ်းဟာ ယာယီနိုင်ငံကူးသက်တမ်းဟာ (၄)နှစ်ဖြစ်ပါတယ်။ (၂)နှစ်၊ (၂)နှစ်စီ ဒီလိုသွားပါတယ်။ (၄)နှစ်ဆိုတော့ ၂၀၀၉ ကနေ ပြန်ပြီးတော့ကြည့်လိုက်ရင် ၂၀၁၃ ဆိုတော့ အသစ် ဆောင်ရွက်ကြရပါတယ်။ အသစ်ဆောင်ရွက်တဲ့အခါမှာလည်းပဲ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကျွန်တော် တို့နိုင်ငံတော်က ဒီရွှေ့ပြောင်းအလုပ်သမားတွေ အသစ်လုပ်တဲ့အခါမှာ ခုနတုန်းက တွေ့ရှိခဲ့တဲ့ သူတို့ရဲ့ အခက်အခဲတွေ၊ ဒုက္ခ၊ သုက္ခတွေကို စဉ်းစားပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးသင့် ကြောင်းလည်းပဲ ကျွန်တော့်အနေနဲ့ ဒီမှာ တင်ပြဆွေးနွေးလိုပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီ(၄)နှစ်ပြီးတာနဲ့ အရင်တုန်းကတော့ မြန်မာနိုင်ငံကို တစ်ခါ ပြန်လာရမယ်။ ပြန်လာပြီးတော့ တစ်နှစ်အတွင်းမှာ ပြန်ပြီးတော့ ဗီဇာသက်တမ်း၊ ခုနကတုန်းက ယာယီနိုင်ငံကူးလက်မှတ်တွေကို ဆောင်ရွက်ရမယ်ဆိုပြီးတော့ ဆွေးနွေးထားတယ် ဆိုတာလည်းပဲ ကြားသိရပါတယ်။ သို့သော်အခု နောက်ဆုံးကတော့ မကြာသေးမီကလည်းပဲ သူတို့၊ ကျွန်တော် သိလိုက်ရတာ၊ မကြာသေးမီတုန်းကတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရက အဲဒီမှာ ဗီဇာကိစ္စ၊ ဒီကိစ္စတွေကို ဆွေးနွေးပြီးတော့ မြန်မာနိုင်ငံကို တစ်ရက်၊ တစ်ရက်ပြန်လာမယ်။ ပြန်လာပြီးတော့မှ ဒီသက်တမ်း တိုးမှုတွေကို ဆောင်ရွက်ပေးမယ်။ ဆောင်ရွက်ပေးတဲ့ နေရာမှာလည်းပဲ ကျွန်တော်တို့ နယ်စပ်မှာ ဆောင်ရွက်ပေးမယ်။ အဲဒီလို ကျွန်တော် ကြားသိရပါတယ်။ ဒါဟာ ကျွန်တော် ဒီတင် ထားတဲ့ အချိန်အတွင်းမှာ၊ ကျွန်တော်တို့ မေးခွန်းကို တင်ထားတဲ့ အချိန်အတွင်းမှာပါ။

ဒါကြောင့်မို့လို့ တချို့တွေက ဘန်ကောက်မှာရှိတယ်။ အရင်တုန်းက ကျွန်တော်တို့ ဘန်ကောက်မှာလည်း လုပ်တယ်။ နေရာတွေ (၄)နေရာလောက် ကျွန်တော်တို့ ခွဲခြားပြီးတော့ ဆောင်ရွက်ပေးတာရှိပါတယ်။ နယ်စပ်မှာတင် လုပ်တဲ့အတွက်ကြောင့် ခုနကတုန်းက အလုပ်သမား တွေက ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းကို ပြန်ဝင်လာမယ်။ ပြန်ဝင်လာပြီးတော့ ပြန်ထွက်ရမယ်။ ခုနကတုန်းက ပွဲစားတွေကလည်းရှိတယ်။ ဒီအတွက်ကြောင့် အင်မတန်မှပဲ ရှုပ်ထွေးပြီးတော့ မဖြစ် သင့်တဲ့ ကိစ္စရပ်တွေ အရင်တုန်းက တရားဝင်နေထိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ၊ ရွှေ့ပြောင်း အလုပ်သမား တွေဟာ ဒီလက်မှတ်မဲ့လည်းပဲ ဖြစ်သွားနိုင်စရာ အကြောင်းတွေလည်း အများကြီးရှိပါတယ်။ ဒါကြောင့် ဒီအပေါ်မှာ ကျွန်တော်တို့ ဗီဇာနဲ့ ခုနက သက်တမ်းတိုးဆောင်ရွက်တဲ့အခါမှာ ပွင့်ပွင့် လင်းလင်း ထင်သာမြင်သာရှိပြီးတော့ ရွှေ့ပြောင်းအလုပ်သမားတွေ အကျိုး၊ တစ်နည်းအားဖြင့် ကျွန်တော်တို့ နိုင်ငံတော်အတွက်လည်းပဲ အကျိုးရှိတဲ့ ဒီနည်းတွေကို ဆောင်ရွက်သင့်တယ်လို့လည်း ကျွန်တော်ဆွေးနွေးတင်ပြလိုပါတယ်။ ခုနတုန်းက ကျွန်တော်တို့မြန်မာနိုင်ငံက ရွှေ့ပြောင်းအလုပ်သမား တွေထဲကနေပြီးတော့ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှာ တရားဝင် မှတ်ပုံတင်ထားတဲ့ဟာကတော့

(၈)သိန်းနီးပါးလောက် ရှိတယ်ဆိုတာကိုလည်းပဲ လေ့လာတွေ့ရှိ ရပါတယ်။ ဒါ ကောင်းတဲ့ အချက်လည်းပဲ ဖြစ်ပါတယ်။

နောက် အဲဒီအထဲကမှ လူမှုဖူလုံရေးနဲ့ ပတ်သက်ပြီးတော့ (၂)သိန်းကျော် ဒါဟာလည်းပဲ လူမှုဖူလုံရေး လျှောက်ထားခွင့်ရပြီးတော့ သူတို့လူမှုဖူလုံရေးတွေ ခံစားရတယ်ဆိုတာလည်းပဲ လေ့လာသိရှိရပါတယ်။ သို့သော်ကျန်တဲ့ တချို့အလုပ်သမား တော်တော်များများကတော့ ဒီ အခွင့်အရေးတွေလည်းခံစားရမှု မရှိသေးပါဘူး။ နောက်သက်ဆိုင်ရာ အလုပ်ရုံတွေမှာလည်းပဲ တော်တော်များများကတော့ ဒီ ရေလုပ်သား၊ ကျွန်တော် သိရှိရသလောက် ပုစွန်နဲ့ ပတ်သက်တဲ့၊ ထုတ်လုပ်တဲ့ စက်ရုံတွေမှာလုပ်တဲ့ အလုပ်သမားတွေ၊ အဲဒီမှာရှိနေတဲ့ အမျိုးသမီး အလုပ်သမားတွေက အစ ကျွန်တော်တို့ ILO ကနေပြီးတော့ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့မညီတဲ့ လုပ်နည်းလုပ်ဟန်တွေကို သူတို့ခံစားနေကြရတယ်။ ရရှိတဲ့ လခတွေကလည်းပဲ ခုနက အလုပ်သမား ဝန်ကြီးဌာနက မှတ်ပုံတင်ပြီးတော့ သူတို့အသိအမှတ်ပြု ထားပေမယ့်လည်းပဲ သူတို့ဆီမှာ အခြေခံလစာ အနည်းဆုံး သူတို့သတ်မှတ်ထားတာရှိပါတယ်။ ဒါတွေကိုခံစားရမှုဟာ မရှိသလောက် ဖြစ်နေတယ်ဆိုတာလည်းပဲ လေ့လာသိရှိရတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်သက်ဆိုင်ရာဝန်ကြီးဌာနသို့ ရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်းပြီးတော့ ဗီဇာကိစ္စ၊ အနည်းဆုံး လုပ်အားခရရှိရေးအတွက် ဆောင်ရွက်ပေးမှု အနေအထားကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၅ ။**

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှု ဖူလုံရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာမေတ္တာပို့သဆုတောင်း ဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်း၍ ဗီဇာကိစ္စ၊ အနည်းဆုံးလုပ်ခ၊ လုပ်အားခရရှိရေးတို့ကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးထင်အောင် မှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ထိုင်းနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ ရွှေ့ပြောင်းမြန်မာ

အလုပ်သမား (၂)သန်းခန့်ရှိပါတယ်။ အဲဒီလို သွားရောက်လုပ်ကိုင်နေတဲ့ အလုပ်သမားများထဲမှာ တရားဝင်သွားရောက်လုပ်ကိုင်နေတဲ့ အလုပ်သမားများရှိသလို တရားမဝင်အောက်လမ်းကနေ သွားရောက် လုပ်ကိုင်တဲ့ အလုပ်သမားများလည်းရှိပါတယ်။ ၂၀၀၃ ခုနှစ် ဇွန်လ ၂၁ ရက်နေ့မှာ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ မြန်မာနိုင်ငံအစိုးရနဲ့ ထိုင်းနိုင်ငံအစိုးရတို့ကြား အလုပ်သမားများ ခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding) ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီ နားလည်မှုစာချွန်လွှာအရ မြဝတီ၊ ကော့သောင်းနဲ့ တာချီလိတ် မြို့တွေမှာ အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို အထောက်အထားများ ထုတ်ပေးနိုင်ဖို့ အတွက် နယ်စပ်စခန်း(၃)ခုကို ၂၀၀၉ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပြီး ထိုင်းနိုင်ငံသို့ အလုပ်သမား အသစ်များ စေလွှတ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၀ပြည့်နှစ် ဇွန်လမှာ စတင် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် ဇွန်လမှ ၂၀၁၃ ခုနှစ် အောက်တိုဘာလကုန်အထိ MoU စနစ်ဖြင့် အလုပ်သမား အသစ်စေလွှတ်ပြီး ဦးရေ စုစုပေါင်းဟာ (၈၀၀၅၂)ဦးဖြစ်ပါတယ်။

ဒါ့အပြင် ထိုင်းနိုင်ငံမှာ ကျန်ရှိနေတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အထောက် အထားများ ဆက်လက်ထုတ်ပေးနိုင်ဖို့ ပြည်ထဲရေးဝန်ကြီးဌာနမှ (၄)ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ (၂)ဦးနဲ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ (၂)ဦး စုစုပေါင်း ဝန်ထမ်း(၈)ဦးပါဝင်တဲ့ လုပ်ငန်းအဖွဲ့ (၅)ဖွဲ့ကို ၂-၃-၂၀၁၂ ရက်နေ့မှာ ထိုင်းနိုင်ငံ အတွင်းရှိတဲ့ ဘန်ကောက်၊ မဟာချိုင်၊ စမုပရာကန်၊ စူရတ်ဌာနီနဲ့ ချင်းမိုင်မြို့များမှာ လည်းကောင်း၊ ၁၅-၂-၂၀၁၃ ရက်နေ့မှာ ပထုန်ဌာနီ၊ ကန်ချနပူရီ၊ ချင်းရိုင်၊ တပ်ခ်၊ ရနောင်း၊ ရရောင်နဲ့ ခွန်ခမ်မြို့ တို့မှာ လုပ်ငန်းအဖွဲ့ (၇)ဖွဲ့ကို ထပ်မံ၍လည်းကောင်း၊ One stop service center များ ဖွင့်လှစ်ပြီး တော့ ပြည်ဝင်ခွင့်ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) တို့ကို တစ်ပြိုင်တည်း ရရှိ စေဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၂၀၀၉ ခုနှစ် ဇူလိုင်လကနေစတင် ပြီးတော့ ၂၀၁၃ ခုနှစ် အောက်တိုဘာလအထိ စုစု ပေါင်း (၁၆၈၀၅၅၆)ဦးအား အထောက် အထားများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာရွှေ့ပြောင်းအလုပ်သမားများနဲ့ ပတ်သက်ပြီးတော့ ထိုင်းနိုင်ငံသို့ ၂၀၀၉ ခုနှစ်မှ စတင်ရောက်ရှိနေတဲ့ အလုပ်လုပ်ကိုင်နေတဲ့ လုပ်သက်သက်တမ်း (၄)နှစ် ပြည့်ပြီးသွားတဲ့ အလုပ်သမားများကို ၂၀၀၃ ခုနှစ် MoU အရ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ (၃)နှစ် ပြန်လည်ထွက်ခွာ ရမှာဖြစ်ပေမယ့်လည်း ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပ တဲ့ မြန်မာ-ထိုင်း (၁၂)ကြိမ်မြောက် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်း အစည်းအဝေး သဘော တူညီချက်အရ (၁)လသာ ပြန်လည်ထွက်ခွာရန် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ၅-၉-၂၀၁၃ ရက်နေ့ မှာ ထိုင်းနိုင်ငံမှာ ထပ်မံကျင်းပပြုလုပ်တဲ့ မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စ ကျွမ်းကျင် သူများ အစည်းအဝေးမှာ သက်တမ်း(၄)နှစ်ပြည့်ပြီးတဲ့ မြန်မာအလုပ်သမားများဟာ (၁)လ ပြန်လည် ထွက်ခွာရန် မလိုတော့ဘဲ ရက်အကန့်အသတ်မရှိ နေ့ချင်းပြီးဆိုလည်း နေ့ချင်းပြန်ပြီးတော့၊ သက်တမ်း တိုးပြီးတော့ ပြန်လို့လည်း ရရှိခဲ့ပါတယ်။ ပြီးတော့ အဲဒီလိုရပြီးတဲ့အခါမှာ ထိုင်းနိုင်ငံ MoU စနစ်နဲ့ ပြန်လည် အလုပ်လုပ်ကိုင်ဖို့လည်း ကျွန်တော်တို့ သဘောတူညှိနှိုင်းထား ရှိပြီးဖြစ်ပါတယ်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဟာ ထိုင်းနိုင်ငံမှာ ရောက်ရှိနေတဲ့ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား တရားဝင်ဖြစ်စေရေး လုပ်ငန်းစဉ်များကို အထက်ပါအတိုင်း ဆောင်ရွက်ပေးတဲ့အပြင် ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက် အလုပ် လုပ်ကိုင်မယ့် ရွှေ့ပြောင်းအလုပ်သမားများအား ဥပဒေပါအတိုင်း ခံစားခွင့်များ ရရှိစေရေးနှင့် ကာကွယ်စောင့်ရှောက်မှုများကို အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက် စာချုပ်ပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိပြီးတော့ ပြည်ဝင်ခွင့်ဗီဇာကိစ္စနဲ့ အနည်းဆုံးလုပ်အားခ ရရှိစေရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ဒီလိုဆောင်ရွက်ပေးလျက်ရှိရာမှာ ထိုင်းနိုင်ငံသို့ MoU စနစ်နဲ့ အလုပ်သမားအသစ်များ စေလွှတ်ရေးနဲ့ ပတ်သက်ပြီးတော့ ထိုင်းနိုင်ငံ အလုပ်ရှင်ရဲ့ ကိုယ်စားလှယ်နဲ့ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မယ့် မြန်မာအလုပ်သမားများဟာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် (Employment Contract) ချုပ်ဆိုပြီး စာချုပ်ပါအတိုင်း ခံစားခွင့်များ အပြည့်အဝရရှိစေဖို့ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိတဲ့အပြင် MoU စနစ်နဲ့ တရားဝင်သွားရောက်တဲ့ အလုပ်သမား၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအားလုံးဟာ ထိုင်းနိုင်ငံမှ သတ်မှတ်ထားသော အနည်းဆုံးလုပ်ခ ဘတ်(၃၀၀)ရရှိစေဖို့နဲ့ ပြည်ဝင်ခွင့် ရရှိစေဖို့တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မေးခွန်းမေးစဉ်တုန်းကတော့ မပါပေမယ့်လည်း ဒေါက်တာမြင့်ကြည် ခုနကတုန်းက မေးတဲ့ ကျွန်တော်တို့ ဒီရေလုပ်သားတွေကိစ္စကိုလည်း ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးထားပါတယ်။ အခုဆိုလို့ရှိရင် ကျွန်တော်တို့ ထိုင်းနိုင်ငံဘက်က ဒီကျွန်တော်တို့ မြန်မာလုပ်သားတွေ အထောက်အထား ရဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိတဲ့နေရာမှာ ကျွန်တော်တို့ရရှိတဲ့ အချက်အလက်များအရ ၂၉-၁၀-၂၀၁၃ ခုနှစ်မှာ ထိုင်းနိုင်ငံ ကမ်းခြေများမှာရှိတဲ့ ခရက်ပီ၊ ချန်တရာပူရီ၊ ချာချင်ဆောင်၊ ချွန်ပူရီ၊ ချွန်ပွန်း၊ တရန်၊ ကနန်း၊ ရခွန်ဆီတာပရပ်၊ နာရသီဝ၊ ပချပ်ကရိသရန်၊ ပန်သနီ၊ ဖောင်င၊ ဖူးခက်၊ ရနောင်း၊ ရရောင်၊ စမွတ်ပရာကန်၊ စူရတ်ဌာနီ၊ စွန်သလာ၊ ဆန့်ဒွန်း အဲဒီမှာ ထိုင်းနိုင်ငံ အစိုးရအနေနဲ့ မြန်မာနိုင်ငံရေလုပ်သားများ ရရှိရေးအတွက်လည်း သူတို့ဆောင်ရွက်ပေးနေတယ်ဆိုတာ ကျွန်တော်တို့သိရှိရပါတယ်။ ကျွန်တော်တို့ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ နိုင်ငံသားတွေ၊ မြန်မာအလုပ်သမားတွေ ထိုင်းနိုင်ငံအတွင်းမှာ အထောက်အထား ရရှိရေးနဲ့ သူတို့ရဲ့ ရသင့်/ရထိုက်တဲ့ ခံစားခွင့်တွေ အခွင့်အရေးတွေ ရရှိဖို့လည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၁-၁၁-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်သော ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) နှင့် ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) တို့က အကြံပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးခဲ့သည့် ပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းနေ့ မွန်းလွဲပိုင်းတွင် အစည်းအဝေးပြုလုပ်၍ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာတွင် အထက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဥပဒေကြမ်းကော်မတီ၏ မူလအဆိုပြုချက်များသည် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေသဖြင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။ နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးမှု အခြေအနေပေါ် မူတည်၍ နိုင်ငံတော် အကြီးအကဲ၊

နိုင်ငံသားအားလုံး၏ အထွတ်အထိပ်ပုဂ္ဂိုလ်၏ ခံစားခွင့်များကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ သင့်တော်သည့်အချိန်၌ တိုးမြှင့်ပေးနိုင်ရန် စီမံသင့်ပါကြောင်းကိုလည်း သဘောထားရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင် အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အပိုဒ် ၄

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေ ပုဒ်မ ၃ တွင် ဖော်ပြထားသည့် လစဉ်ချီးမြှင့်ငွေ ကျပ်သိန်းငါးဆယ်ဆိုသည့် စကားရပ်ကို ကျပ်တစ်ဆယ့်ငါးသိန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ဖြည့်စွက်ထားပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ဒါနဲ့ပတ်သက်ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြောစရာရှိရင် ပြောပါ။

**အချိန်၊ ၁၀း၄၇။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီဖြည့်စွက်ချက်နဲ့ပတ်သက်လို့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် အနည်းငယ် ပြောလိုပါတယ်။ ဖြည့်စွက်ချက်မှာက နိုင်ငံတော်သမ္မတရဲ့ လစာကို (၁၅)သိန်းဆိုပြီးတော့ သတ်မှတ်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အကြံပြုတင်ပြ စရာတွေရှိပါတယ်။ (၁)အချက်ကတော့ နိုင်ငံတော်သမ္မတဆိုတာ သမ္မတရာထူးကို ကျွန်တော်တို့က Institution အင်္ဂလိပ်လို အသုံးပြုတာကို ခွင့်လွှတ်ပါ။ Institution တစ်ခုအနေနဲ့တော့ သဘောထားရမှာ ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်ပေါ် မူမတည်ဘဲနဲ့ နောင်လည်းပဲ ဒီရာထူးတွေကဆက်ပြီးရှိသွားမှာ ဖြစ်ပါတယ်။ အဲဒါကို မူတည်ပြီး စဉ်းစားသွားမှာ ဖြစ်ပါတယ်။ (၂)အချက်ကတော့ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ အကြီးအကဲဖြစ်တယ်ဆိုတဲ့အကြောင်းကို ဘယ်သူကမှ အငြင်းမပွားပါဘူး။

ဖွဲ့စည်းပုံ အခြေခံဥပဒေမှာလည်း ဒီအချက်က အထင်အရှား ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ရန်ကုန်တိုင်း မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနောင် ဆွေးနွေးတဲ့အထဲမှာလည်း ဒါတွေပါသွားပါတယ်။ နိုင်ငံတော်အကြီးအကဲဆိုတာဟာ နိုင်ငံတော်ရဲ့ မျက်နှာစာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲဆိုတာ နိုင်ငံတော်ရဲ့ မျက်နှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အဆင်တန်ဆာလည်း ဖြစ်ပါတယ်။

ထို့အတွက်ကြောင့် နိုင်ငံတော်အကြီးအကဲရဲ့ လစာကို စဥ်းစားတဲ့အခါမှာ အခြားနိုင်ငံတွေမှာ နိုင်ငံတော်အကြီးအကဲများ ရတဲ့လစာတွေရဲ့ အလယ်အလတ်တန်းထက်ကို နိမ့်သွားမယ်ဆိုလို့ရှိရင် နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာပိုင်း ထိခိုက်သွားစရာ ရှိပါတယ်။ ဒါ ဒုတိယအချက်ပါ။ တတိယအချက်အနေနဲ့ကတော့ နိုင်ငံတော်သမ္မတရဲ့လစာကို (၁၅)သိန်း သတ်မှတ်ထားခြင်းသည် ကျွန်တော်တို့ အပြင်စီးပွားရေးလောကမှာ အလယ်အလတ်တန်းစား ကုမ္ပဏီတစ်ခုမှာ တာဝန်ထမ်းဆောင်နေတဲ့ ဒုတိယအထွေထွေမန်နေဂျာတို့၊ အထွေထွေမန်နေဂျာတို့တောင်မှ တစ်လကို (၁၅)သိန်းရနေပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ (၁၅)သိန်းသတ်မှတ်ခြင်းဟာ အဂါရဝပြုတဲ့ သဘောများ ဖြစ်နေမလားလို့လည်း စိုးရိမ်မိပါတယ်။ နောက်တစ်ချက်ကလည်းပဲ နိုင်ငံတော်သမ္မတရဲ့ လစာနဲ့ပတ်သက်ပြီးတော့ သမ္မတကြီး တာဝန်ကို လက်ခံတဲ့အချိန်မှာ ဥပဒေမှာ ပေးထားတဲ့ သိန်း(၅၀)ကိုတော့ မယူပါဘူး။ သို့သော် အရင်အစိုးရရဲ့ လစာတွေကိုတော့ လောလောဆယ် ယူသွားမယ်ဆိုတာပဲ မိန့်ကြားထားတာရှိပါတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ထည့်သွင်း စဥ်းစားသင့်ပါတယ်။ အခြေအနေနဲ့ အချိန်အခါ တိုင်းပြည်ရဲ့ စီးပွားရေးကောင်းလာရင် ဆက်ပြီးတော့ နဂိုအတိုင်းယူမယ်ဆိုတဲ့ သဘောတွေပြောသွားတာလည်း ရှိပါတယ်ခင်ဗျား။ နောက်တစ်ချက်ကလည်း နိုင်ငံတော်သမ္မတရဲ့ လစာကို (၁၅)သိန်း အစားပေါ့၊ ဒီ့ထက် လူရိုသေ ရှင်ရိုသေဖြစ်အောင် ကျွန်တော်တို့ သိန်း(၄၀) လောက်သတ်မှတ်မယ်ဆိုရင်လည်း နိုင်ငံတော်သမ္မတသည် သန်း(၆၀)မှာမှ တစ်ယောက်တည်းသာရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ တစ်ခုတည်းသာရှိတဲ့ ရာထူးမျိုးလည်းဖြစ်ပါတယ်။ သို့အတွက် သူ့ကို သိန်း(၄၀) သို့မဟုတ် သိန်း(၃၀) သင့်တော်တဲ့ ပမာဏသတ်မှတ်မယ် ဆိုရင်လည်းပဲ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေမှာ ပြောပလောက်အောင် ကြီးကြီးကျယ်ကျယ်ကြီး ဘာမှပိုမိုကုန်ကျသွားဖွယ်ရာ မရှိပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ နိုင်ငံတော်သမ္မတရဲ့ လစာကို တစ်လ (၁၅)သိန်း သတ်မှတ်မယ့်အစား သင့်တော်တဲ့ ပမာဏ သိန်း(၄၀)တို့ သိန်း(၃၀)တို့ စသည်ဖြင့် သတ်မှတ်သင့်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ဒီကိစ္စနဲ့ပတ်သက်လို့ မူလက သိန်း(၅၀) ပြဋ္ဌာန်းထားတာ ကျွန်တော်တို့က သိန်း(၅၀) သဘောတူပါတယ်။ သို့သော် ဥပဒေဘယ်လိုပဲရှိရှိ မယူတဲ့အခါကျတော့ ဥပဒေနဲ့ မညီဘူး ဖြစ်နေလို့ (၁၅)သိန်းပဲ ယူမယ်ဆိုလို့ (၁၅)သိန်း ဥပဒေက ပြဋ္ဌာန်းပေးထားတာ။ အခုလည်း ဥပမာသိန်း(၄၀) သိန်း(၃၀) စဥ်းစားမယ့်အစား သိန်း(၅၀)ပဲ ထားမယ်ဆိုရင်လည်းရတယ်။ သို့သော် ယူရမှာပဲ ဥပဒေမှာရှိပြီးတော့မှမယူဘူးဆိုတာ ဥပဒေကို ဆန့်ကျင်တဲ့သဘောဖြစ်ပါတယ်၊ မလိုက်နာတဲ့သဘော ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီး ဘယ်လိုပြောမလဲ။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လွှတ်တော်အနေနဲ့ တိုက်တွန်းမယ်ဆိုရင် လွှတ်တော်သည် အများပြည်သူကိုယ်စားလှယ်တွေ ပါဝင်တာဖြစ်တဲ့အတွက် လွှတ်တော်အနေနဲ့သမ္မတကြီးကို တိုက်တွန်းမယ်ဆိုရင်တော့ ဒါ အများပြည်သူရဲ့ ဆန္ဒသဘောကို ဖော်ဆောင်တာဖြစ်တဲ့အတွက်သမ္မတကြီးအနေနဲ့ လက်ခံမယ်လို့ ကျွန်တော်တော့ ထင်ပါတယ်ခင်ဗျ။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဥပဒေ ပြဋ္ဌာန်းပြီးရင်တော့ တိုက်တွန်းစရာ မလိုတော့ဘူးထင်တယ်။ ဥပဒေပြဋ္ဌာန်းပြီးရင် လိုက်နာရမှာပဲ။ တိုက်တွန်းစရာမလိုတော့ဘူး။ မလိုက်နာလို့သာ အခု ဒီလိုလုပ်ရတာ၊ ကျွန်တော်တို့ သိန်း(၅၀)လည်း သဘောတူပါတယ်။ ယူဖို့ပဲ လိုတာပါ။ အခုဟာ (၁၅)သိန်းပဲ ယူမယ်ဆိုလို့ (၁၅)သိန်း ပြဋ္ဌာန်းထားတာ၊ ဥပမာ သိန်း(၂၀)၊ သိန်း (၃၀)၊ သိန်း(၄၀) ပြီးတော့ မယူဘူး ဆိုလို့ရှိရင် တစ်ခါ သမ္မတကိုယ်တိုင်က ဥပဒေကို ဖောက်ဖျက်ရာရောက်မှာစိုးလို့သာ ဒီလိုလုပ်ပေးရတာ၊ သမ္မတ ထုတ်တဲ့ အုပ်ချုပ်မှုအမိန့်ကို ဥပဒေနဲ့အညီဖြစ်အောင် ဒီလိုလုပ်ပေးရတာပေါ့။ ယူမယ်ဆိုရင် သိန်း(၅၀)လည်း သဘောတူတယ်။

**အချိန်၊ ၁၀း၅၂။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ။** ။ ဥပဒေ ပြဋ္ဌာန်းပြီးမှတော့ တိုက်တွန်းစရာတော့ မလိုတော့ဘူး။

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့ပါခင်ဗျ။ နောက်ပြီးတော့ တိုက်တွန်းတာမဟုတ်ပါဘူး။ အများပြည်သူဆန္ဒကို ထင်ဟပ်တဲ့ သဘောဆိုရင်တော့ ကျွန်တော်က

**ဥက္ကဋ္ဌ။** ။ သမ္မတကို ပြန်မေးလိုက်လေ။

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ။** ။ ဥပဒေက သိန်း(၅၀)ဆို သိန်း(၅၀)ကို သဘောတူတယ် နိုင်ငံတော်အထွတ်အထိပ် သိန်း(၁၀၀)ဆိုလည်း သဘောတူတယ်။ ယူဖို့ပဲလိုတယ်။

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ။** ။ ဥပဒေမှာ မည်ကဲ့သို့ပင်ပြဋ္ဌာန်းစေကာမူ အုပ်ချုပ်မှုအမိန့်ညွှန်ကြားချက်လေးတစ်ခုနဲ့ ဒီလိုယူတယ်ဆိုတာက အဓိပ္ပာယ်မရှိဘူး။

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ဟုတ်ကဲ့ပါ။ သမ္မတကြီးကို ကျွန်တော် ပြန်အစီရင်ခံပေးပါမယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ ဘယ်လို ဆုံးဖြတ်ရမလဲ ကျွန်တော်တို့က။ ဒါမှမဟုတ် ကျွန်တော်တို့က ခုနက (၁၅)သိန်းပဲ ယူမယ်ဆိုပြီးတော့ သမ္မတဆီက ညွှန်ကြားချက် ရှိတဲ့အတွက် (၁၅)သိန်းဆိုပြီးတော့ လုပ်ထားတာ။ ဒုတိယ သမ္မတတွေကလည်း (၁၂)သိန်းဆို (၁၂)သိန်းပဲ ဝန်ကြီးတွေမှာသာ ဝန်ကြီး၊ ဒုတိယဝန်ကြီးကိုသာ ဒါအမှန်အတိုင်း ပြောလို့ရှိရင်တော့ သူတို့ရဲ့ခုနက လုံလောက်တဲ့ လစာ စရိတ် ရရှိခြင်းအားဖြင့် ကျန်တဲ့ အကျိုးသက်ရောက်မှုတွေ လုပ်ငန်းမှာ Clean Government အတွက် အထောက်အကူ ဖြစ်ပါစေဆိုတဲ့သဘောနဲ့ မြှင့်တင်ပေးတာပါ။ သမ္မတ သတ်မှတ်ချက်အဖြေကို ကျွန်တော်တို့တော့ ဒီလောက်တော့ရသင့်တယ်ဆိုပြီး လွှတ်တော်က စဉ်းစားပြီးတော့ မြှင့်တင်ပေးထားတာပေါ့။ လွှတ်တော်ကိုယ်စားလှယ်တွေ ဆိုရင်လည်း ခုနက တခြားနိုင်ငံမှာ ဆွေးနွေးတာ ရှိပါတယ်။ တခြားနိုင်ငံမှာ ဝန်ကြီးနဲ့ မတိမ်းမယိမ်းထားပေမယ့် ဒီမှာဝန်ကြီးရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ဖြစ်နေလို့ ပြန်ပြင်ပေးတာတွေ ရှိတာပေါ့။ အဲဒီတော့ ဘဏ္ဍာရေး ဝန်ကြီးဌာန အနေနဲ့ သမ္မတကို သိန်း(၅၀)ဆိုလည်း ယူဖို့ပဲလိုတယ်။ ယူဖို့ တာဝန်က သိန်း(၅၀) အတိ ဖြစ်ဖို့ပဲ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။သမ္မတကြီးဆီကို ပြန်ပြီးတော့ အစီရင်ခံပေးပါမယ်။

**ဥက္ကဋ္ဌ။** ။ ကဲ အဲဒါဆိုရင် ဒီလိုလုပ်ပါ။ ကျွန်တော်တို့ အခု (၁၅)မိနစ် စောင့်မယ်။ (၁၅)မိနစ်အတွင်းမှာ ခင်ဗျား အတည်ပြုချက် ပြန်တောင်းပါ။ (၁၅)မိနစ် စောင့်ပါမယ်။ ခဏနားပြီးတော့ ခင်ဗျားပြောတာ ကျွန်တော်တို့ သဘောတူတယ်။

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့ပါခင်ဗျ။

**ဥက္ကဋ္ဌ။** ။ ကျွန်တော် ပြောတာ ရှင်းလားမသိဘူး။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ရှင်းပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ သဘောပေါက်လား မသိဘူး။ သိန်း(၁၀၀)လည်း သဘောတူတယ်။ သိန်း(၅၀)လည်း သဘောတူတယ်။ နိုင်ငံအထွတ်အထိပ်ပုဂ္ဂိုလ် တစ်ယောက်တည်း ရှိတာပဲ။ ခင်ဗျား သဘောပေါက်လား။ သိန်း (၅၀)ဆိုတာ ဥပဒေ ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ န.ယ.က က ပြဋ္ဌာန်းခဲ့တာ။

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ပြင်ချင်တယ်ဆိုလည်းသိန်း(၅၀)၊ များတယ်ဆိုရင်လည်း သိန်း(၄၀)၊ သိန်း(၃၀) စသဖြင့်ပေါ့၊ သင့်တော်တဲ့။

**ဥက္ကဋ္ဌ။** ။မပြင်ချင်ပါဘူး။ သို့သော် သမ္မတက ဒါပဲ ယူတယ်ဆိုလို့ အဲဒါ ဥပဒေနဲ့အညီ ဖြစ်သွားအောင် ဥပဒေလွဲနေလို့ ဥပဒေနဲ့ မကိုက်ညီလို့ ကျွန်တော်တို့ ဥပဒေနဲ့ ညီသွားအောင် လုပ်ပေးတဲ့ သဘောမျိုး မပြင်ချင်ပါဘူး။ ယူဖို့ပဲလိုတယ်။ ဥပဒေက ဘယ်လို ပြဋ္ဌာန်း ပြဋ္ဌာန်း၊ ပြီးရင် ဥပဒေကို မလိုက်နာရာ ရောက်မှာစိုးလို့သာ (၁၅)သိန်း ဆိုပြီး လုပ်ပေးတာ၊ တကယ်က အထွတ်အထိပ်ပုဂ္ဂိုလ်ပဲ သိန်း(၁၀၀)ဆိုလည်း သဘောတူတယ်။ အဲဒီအဖြေပဲ ပေး၊ ယူမယ်။ ဘယ်လောက်ယူမယ်။ (၁၅)သိန်းပဲ ယူမယ်ဆိုရင်(၁၅)သိန်းလို့ လုပ်ပေးခြင်းအားဖြင့် သမ္မတသည် ဥပဒေနှင့်အညီ ဖြစ်သွားတာပေါ့။ သမ္မတရဲ့ ညွှန်ကြားချက်က ဥပဒေနဲ့အညီ ဖြစ်သွားတာပေါ့။ ဥပဒေတစ်ခုကို

ညွှန်ကြားချက်တစ်ရပ်က ကျော်လွှန်နိုင်ခြင်း မရှိဘူး။ ပယ်ဖျက်နိုင်ခြင်းလည်း မရှိဘူး။ ဥပဒေကို လွှတ်တော်ကပဲ ဥပဒေအနေနဲ့ပဲ ပြန်ပြင်ပေးရမှာပဲ၊ ဒီကိစ္စက ကြာပြီ။ ကျွန်တော်တို့လည်း သဘော ပေါက်တယ်။ စစချင်းကတည်းက သဘောပေါက်တယ်။ ပြည်သူတွေထဲက ဥပဒေ နားလည်တဲ့ လူတွေလည်း သဘောပေါက်လို့ ဝေဖန်ကြတယ်။ ဥပဒေရှိရဲ့သားနဲ့ ဒီလိုလုပ်တာ ဥပဒေ လိုက်နာ ခြင်း မရှိဘူး။

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ တစ်ခုတော့ တင်ပြခွင့်ပြုပါခင်ဗျ။ ဥပဒေမှာကလည်း ရှောင်ရန်နဲ့ ဆောင်ရန်ဆိုတဲ့ သဘောမျိုးတွေ ပါ ပါတယ် ခင်ဗျ။ လူမသတ်နဲ့ဆိုတာကတော့ ဒါ မလိုက်နာလို့ မရတဲ့သဘောမျိုးပါ။ သို့သော် မိမိကို ပေးတဲ့ အခွင့်အရေးတွေပေါ့။ အဲဒီအခွင့်အရေးကို ကိုယ်ကစေတနာနဲ့ တခြားအကြောင်းများကြောင့် လျှော့ယူမယ်ဆိုရင်လည်းပဲ ဥပဒေကို မလိုက်နာတဲ့သဘော ဆိုပေမယ့်လည်း ဒါဟာ ဥပဒေကို ဖောက်ဖျက်တယ်လို့တော့ ကျွန်တော် ပြောလို့ မရပါဘူး။

**ဥက္ကဋ္ဌ**။ ။ ခင်ဗျား မဟုတ်ဘူး။ ဥပဒေ စကားလုံးမှာ သိန်း(၅၀)ထက် မပိုသော လစာကို ယူနိုင်သည်ဆိုရင်တော့ လုပ်လို့ရတယ်။ သိန်း(၅၀)ယူရမည်ဆိုရင်တော့ သိန်း(၅၀)ပဲ၊ ဥပဒေရဲ့ Sprit of Law အရ၊ ခုနက သိန်း(၅၀)ထက်မပိုသော လစာ ချီးမြှင့်ငွေကို ခံစားနိုင်သည် ဆိုရင်တော့ ဘယ်လောက်ပဲယူယူ ရတယ်။ အခုက အဲဒီလို မဟုတ်ဘူး။ သိန်း(၅၀)လို့ အတိအကျ ပြဋ္ဌာန်းထားတာပါ။ ဒုတိယဝန်ကြီး ပြန်ပြီးတော့ Confirmation လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ (၁၅)မိနစ် စောင့်ပေးမယ်။ မေးကြည့်လိုက်ပါ၊ ဘယ်လောက်ယူမလဲ၊ ဥပဒေနဲ့ညီ သွားစေချင်တာပဲ ကြည်ဖြူပါတယ်၊ သဘောတူပါတယ်။ သဘောက သဘောတူပါတယ်။ သို့သော် ယူရမှာပေါ့။

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ပြန်ပြီး အစီရင်ခံ လိုက်ပါမယ်။

**အချိန်၊ ၁၀း၅၅**။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ခဏ မိနစ် (၂၀)လောက် လွှတ်တော်ကို ခေတ္တရပ် နားမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၅)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၅၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၅၀ ။**

**အခမ်းအနားမှူး**။ ။ အစည်းအဝေး ပြန်လည်စတင် ကျင်းပပါတော့မယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၅၂ ။**

**ဥက္ကဋ္ဌ။** ။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက နိုင်ငံတော်သမ္မတ ရဲ့ သဘောထားမှတ်ချက်ကို တင်ပြပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၂ ။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတကြီးနဲ့ ကျွန်တော် တယ်လီဖုန်းနဲ့ Contact ဆယ်သွယ်မှုရပါတယ်။ နိုင်ငံတော်သမ္မတကြီးကတော့ သိန်း(၅၀)လည်း မယူဘဲနဲ့ လျှော့ယူဖို့ မိန့်ကြားပါတယ်။ သို့သော်လည်း ဘယ်လောက်ယူမလဲဆိုတဲ့ ပမာဏကတော့ သင့်တော်သလို သတ်မှတ်ပေးဖို့ ပြောပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ကောင်းပါပြီ။

**အချိန်၊ ၁၁း၅၃ ။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ရဲ့ သဘောထားမှာ မူလပြဌာန်းတဲ့ဥပဒေကို ဘယ်လောက်ယူသင့်တယ်ဆိုတာ လွှတ်တော်က ဆုံးဖြတ်ဖို့ မသင့်ပါဘူး။ ဒါဟာ ဘဏ္ဍာရေးအခြေအနေ အသေးစိတ်သိတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကပဲ ဆုံးဖြတ်သင့်တဲ့ကိစ္စ ဖြစ်ပါတယ်။ လွှတ်တော်ကတော့ ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့ တည့်မတ်ပေးခြင်းသာဖြစ်ပါတယ်။ အခု (၁၅)သိန်းဆိုတာလည်း လျှော့ချခြင်းမဟုတ်ဘဲနဲ့ (၁၅)သိန်း ယူနေတဲ့ကိစ္စ ဥပဒေနဲ့ညီအောင် ဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။

အဲဒီတော့ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ရဲ့ အထွတ်အထိပ်ပုဂ္ဂိုလ် ဖြစ်တဲ့အတွက် ဒီ သိန်း(၅၀)ကလည်း ထိုက်တန်တယ်လို့ ယူဆပါတယ်။ သို့သော် တခြားသော အဆင့်လိုက်၊ အဆင့်လိုက်၊ အဆင့်လိုက်ပုဂ္ဂိုလ်တွေ နိုင်ငံတော်သမ္မတ သိန်း(၅၀)တော့မယူဘူးဆိုတဲ့အတွက် မည်မျှယူမည်၊ ဒုတိယသမ္မတများမည်မျှ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများစသည်ဖြင့် မည်မျှဆိုတာကို ပြည်ထောင်စု အစိုးရအဖွဲ့ကပဲ လွှတ်တော်ကို တင်သွင်းပေးဖို့လိုပါတယ်။ ဒီကိန်းဂဏန်းတွေနဲ့ ပတ်သက်လို့ လွှတ်တော်က ပြင်စရာသိပ်မရှိပါဘူး။ လွှတ်တော်ရဲ့ သဘောထားမှာတော့ မူလသတ်မှတ်တဲ့ ကာလတုန်းက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ပတ်သက်လို့ ညီမျှမှုမရှိဘဲနဲ့ အုပ်ချုပ်ရေးရဲ့ (Supremacy) ပေါ့၊ အသာစီးယူမှုကိစ္စလေးကို လွှတ်တော် ကိုယ်စားလှယ် တွေက ဆွေးနွေးထားတာ ဖြစ်ပါတယ်။

အဲဒီတော့ တခြားနိုင်ငံတွေမှာ (Head of Government) ဆိုတဲ့ အစိုးရအဖွဲ့ အကြီးအကဲနဲ့ ဥပဒေပြုအကြီးအကဲဖြစ်တဲ့ လွှတ်တော်ဥက္ကဋ္ဌများ၊ တရားစီရင်ရေးဆိုင်ရာ အကြီးအကဲ ဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးချုပ် ဒါတွေအားလုံးက တစ်တန်းတည်း ဖြစ်ဖို့ လိုပါတယ်။ ဒါကို ပြည်ထောင်စုအစိုးရအဖွဲ့က စဉ်းစားပေးဖို့ တိုက်တွန်းပါတယ်။

နောက်တစ်ခုကတော့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လက်ရှိသတ်မှတ်ထားတဲ့၊ ဥပဒေအရ သတ်မှတ်ထားတဲ့ ချီးမြှင့်ငွေဟာ ဝန်ကြီးအဆင့်ထက် ဆယ်ပုံ ပုံ တစ်ပုံပဲ ရှိတယ်ဆိုပြီးတော့ ဆွေးနွေးချက်တွေလည်း ရှိပါတယ်။ ပြည်ပနိုင်ငံတွေမှာ ဝန်ကြီးတစ်ယောက်ရဲ့ရရှိတဲ့ ချီးမြှင့်ငွေနဲ့ သူ့ရဲ့စရိတ်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ် ချီးမြှင့်ငွေနဲ့ စရိတ်တွေ ပေါင်းလိုက်လို့ရှိရင် တန်းတူနီးပါးလောက် ပေးထားတာ ရှိပါတယ်။ သို့သော် ဒီမှာတန်းတူနီးပါးပေးဖို့ တောင်းဆိုခြင်းမဟုတ်ပါဘူး။ သို့သော် လွှတ်တော်ကိုယ်စားလှယ်တွေဟာ မိမိတို့ရဲ့တာဝန်ဖြစ်တဲ့ ပြည်သူကို ကိုယ်စားပြုတဲ့တာဝန်နဲ့ ဥပဒေပြုရေးတာဝန်ပေါ့။ အဓိက ဒီ(၂)ရပ်ပါပဲ။ ဒီ(၂)ရပ်ကို ထမ်းဆောင်နိုင်စွမ်းရှိအောင် ဘယ်လောက် ချီးမြှင့်သင့်တယ်ဆိုတာလည်း ပြည်ထောင်စုအစိုးရအဖွဲ့က စဉ်းစားပေးဖို့ လိုပါတယ်။ စဉ်းစားပေးတဲ့အပေါ်မှာတော့ လွှတ်တော်က စဉ်းစားမှာ၊ ဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ကျန်တာတော့ အစိုးရအဖွဲ့ရဲ့ သဘောထားအတိုင်းပဲ လွှတ်တော်ကလည်း သဘောတူဖို့ ရှိပါလိမ့်မယ်။

နောက်တစ်ခုက လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှာလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှာ အတွင်းရေးမှူးတစ်ဦးရှိပါတယ်။ ဒီအတွင်းရေးမှူးက ဘယ်လိုလူမျိုးတွေလဲ ဆိုလို့ရှိရင် လွှတ်တော်လုပ်ငန်းကို ဝါသနာပါတဲ့ လူငယ်တွေ၊ ပညာတတ်တွေ ဒါတွေက လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီမှာ၊ အတွင်းရေးမှူးလုပ်ပြီးတော့မှ Chamber ဆင်းသလို လုပ်ငန်း အတွေ့အကြုံယူပြီးတော့မှ ရွေးကောက်ပွဲ ဝင်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာကြတဲ့ သဘောလည်း ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်မှာ လုပ်ငန်းအထောက်အကူပြု မရှိလို့ရှိရင် ကိုယ်တိုင် အသေးအဖွဲ့ကအစ စာကူးတဲ့ကိစ္စ၊ စာစီတဲ့ကိစ္စ၊ Print-out ထုတ်တဲ့ကိစ္စ၊ Internet Download လုပ်တဲ့ကိစ္စ၊ ဒါတွေမှာ ကြန့်ကြာမှုတွေ ကိုယ်တိုင်လုပ်နေရတဲ့အတွက်၊ ကြန့်ကြာမှုတွေရှိတဲ့အတွက် ခုန ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်တဲ့အခါမှာ အရှိန်အဟုန် ရပ်တန့်နှေးကွေးတဲ့သဘော ရှိပါတယ်။ ဒါကြောင့် ဒါကိုလည်း စဉ်းစားပေးဖို့ လိုပါတယ်။

နောက်တစ်ခုက တယ်လီဖုန်းကိစ္စနဲ့ပတ်သက်လို့ ဒါ ဆွေးနွေးတာရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတဲ့အခါမှာ ပြည်သူနဲ့ဆက်ဆံရတယ်။ Represent ပြည်သူကို ကိုယ်စားပြုတဲ့အခါမှာ ပြည်သူတွေနဲ့ ဆက်သွယ်ရတယ်၊ ဆက်ဆံရတယ်။ လှမ်းမေးတယ်၊ ပြန်ဖြေရတယ်၊ စသည်ဖြင့် တယ်လီဖုန်းအသုံးစရိတ်တွေက ချီးမြှင့်ငွေထဲက ရာခိုင်နှုန်းများများက တယ်လီဖုန်းအသုံးစရိတ်တွေ ကုန်သွားတဲ့အနေအထားရှိတဲ့အတွက် တယ်လီဖုန်း SIM Card ကို လွှတ်တော်ရုံးဘဏ္ဍာဘတ်ဂျက်ကနေပြီးတော့ ထိုက်သင့်သလောက် ဝယ်ပေးဖို့ဆိုတဲ့ကိစ္စလည်း စဉ်းစားဖို့ လိုပါတယ်။

အဲဒီတော့ လွှတ်တော်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်တွေကို ဥက္ကဋ္ဌက ပြည်ထောင်စုအစိုးရအဖွဲ့သိအောင် တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနဲ့ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များနဲ့ ပတ်သက်တဲ့

ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်တွေကို ထိုက်သင့်တဲ့ ဘဏ္ဍာရေးအခြေအနေအရ၊ လက်ရှိဘဏ္ဍာရေးအခြေအနေအရ ထိုက်သင့်တဲ့နှုန်းထားတွေ ပြုစုပြီးတော့ လွှတ်တော်ကို တင်ပြဖို့လိုပါတယ်။

အဲဒီတင်ပြတဲ့အချိန်ကျမှ ကျွန်တော်တို့ ဒီဥပဒေကြမ်းများကို ဆွေးနွေးဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောက် လွှတ်တော် Session ကျမှ ဒီဥပဒေကြမ်းများကို ဆွေးနွေး ဆုံးဖြတ်ဖို့ ရွှေ့ဆိုင်းကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သတင်းမီဒီယာဥပဒေကြမ်းကိုပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း

**အချိန်၊ ၁၁း၅၈ ။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သတင်းမီဒီယာ ဥပဒေကြမ်းကို ၂၃-၈-၂၀၁၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က အဆိုတင်သွင်းပြီး ၃၀-၈-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သတင်းမီဒီယာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သတင်းမီဒီယာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၁း၅၉ ။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့်(၁၈)ရက်မြောက်နေ့အစည်းအဝေးဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၀ ။**

**ဥက္ကဋ္ဌ။** ။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]